Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



# Network for Democracy and Development
# Documentation and Research Department

P.O Box 179, Mae Sod, Tak, 63110, Thailand. Phone: +66 85-733 4303.
E-mail: ndddrd07@csloxinfo.com; ndddrd07@gmail.com

## Weekly Political Events Regarding the SPDC's Election (028/2010)
## နအဖရွေးကောက်ပွဲနှင့် စပ်လျဉ်းသည့်တစ်ပတ်အတွင်း နိုင်ငံရေးအဖြစ်အပျက်များ (၀၂၈/၂၀၁၀)

၂၀၁၀ ခုနှစ်၊ ဩဂုတ်လ (၁) ရက်နေ့မှ ဩဂုတ်လ (၇) ရက်နေ့အထိ

### နအဖနှင့် ၎င်းလက်ကိုင်တုတ်အဖွဲ့အစည်းများ

- ကရင်ပြည်နယ်နေရာ အတော်များများတွင် အခြေစိုက်လှုပ်ရှားနေသော နအဖ တပ်ဖွဲ့ဝင်များသည် လာမည့်ရွေးကောက်ပွဲမတိုင်ခင် ဒေသခံလူထုများ ကျေးရွာမှ အပြင်သို့သွားလာခြင်းအား အမျိုးမျိုးပိတ်ပင်တားဆီးခြင်း၊ သွားလာနေသူများကို စစ်ဆေးမေးမြန်းခြင်း၊ အိမ်ထောင်စုစာရင်း၊ မိဘအမည် စာရင်းမှတ်ယူခြင်း၊ ငွေကြေးတောင်းခံခြင်းများ ယခုလဆန်းကတည်းက စတင်လုပ်ဆောင်လာသည်ဟု ဒေသခံများက ပြောသည်။ **(KIC 030810)** Read More...
- ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ်အတွင်းရှိ တရုတ်လူမျိုးများကို ဧည့်နိုင်ငံသားကတ်ပြုလုပ်ရာတွင် ကူညီဆောင်ရွက်ပေးခဲ့သည့် တရုတ်ဘုံကျောင်းအုပ်ချုပ်ရေးအဖွဲ့နှင့် တရုတ်လူမျိုး ရပ်မိရပ်ဖများအား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **(USDP)** တွင်အဖွဲ့ဝင်အဖြစ် ဝင်ခိုင်းထားသည်ဖြစ်ပြီး ကျန်သည့်တရုတ်များအား စည်းရုံးသိမ်းသွင်းပေးရန် ဘုံကျောင်းအဖွဲ့နှင့်နီးစပ်သူ တရုတ်လူငယ်တဦးက ပြောသည်။ **(NEJ 030810)** Read More...
- ရွေးကောက်ပွဲ ကျင်းပရန်ရှိသောကြောင့် လုံခြုံရေးဆိုင်ရာများပြင်ဆင်ထားရန် ဩဂုတ်လ ၁ ရက်နေ့က ပြုလုပ်ခဲ့သည့် နိုင်ငံတော်လုံခြုံရေးဆိုင်ရာ အစည်းအဝေးတွင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက မှာကြားခဲ့ပြီး ဒီဇင်ဘာလအတွင်း ရွေးကောက်ပွဲပြုလုပ်ရန် ဖြစ်နိုင်ကြောင်း အစည်းအဝေးတက် ရောက်ခဲ့သည့်စစ်ဘက်ဆိုင်ရာ အရာရှိကြီးတစ်ဦးက ပြောသည်။ **(Irrawaddy 030810)** Read More...
- နအဖစစ်အာဏာပိုင်များနှင့်ရွေးကောက်ပွဲကော်မရှင် အဆင့်ဆင့်တို့က ပြည်နယ်များတွင် တိုင်းရင်းသားနိုင်ငံရေးပါတီများကို ကန့်သတ်နှောင့်ယှက်မှုများ ပြုလုပ်နေသော်လည်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** ၏ စည်းရုံးရေး လုပ်ငန်းများကိုမူ အကူအညီပေးနေကြောင်း သျှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ **SNDP** မှ တာဝန်ရှိသူ တစ်ဦးကပြောသည်။ **(NEJ 050810)** Read More...
- ၂၀၁၀ ရွေးကောက်ပွဲနှင့် သက်ဆိုင်သော ဥပဒေပုဒ်မ ၃ အရ တားမြစ်ချက်များကို မည်သူမဆို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်းရှားပါက ထောင်ဒဏ်အနည်းဆုံး ၅ နှစ်မှ အနှစ် ၂၀ အပြင် ငွေဒဏ်ပါချမှတ်နိုင်ကြောင်း ဩဂုတ်လ (၄) ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာဆောင်းပါးတစ်ပုဒ်တွင် ရေးသားထားသည်။ **(Irrawaddy 050810)** Read More...
- ရန်ကုန်မြို့တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** က ပါတီစည်းရုံးရေးလုပ်ငန်းတစ်ခုအနေဖြင့် စည်းရုံးရေးမှူးများအား ငွေချေးလုပ်ငန်းလုပ်ကိုင်ရန် အရင်းအနှီးထုတ်ပေးနေသည်ဟု ပါတီဝင်များနှင့်ဒေသခံများကပြောသည်။ **(Mizzima 050810)** Read More...

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** သည် စစ်အစိုးရကျန်မားရေးဌာန၏ အကူအညီကိုယူကာ ပါတီအတွက်မဲဆွယ်စည်းရုံးသည့်အနေဖြင့် မကွေးတိုင်း စကုမြို့ရှိ ပြည်သူလူထုကို အခမဲ့ဆေးဝါးကုပေးမည်ဟု မြို့ခံတစ်ဦးကပြောသည်။ **(RFA 050810)** [Read More...]
- ရောဝတီတိုင်း အင်္ဂပူမြို့နယ်တွင် သစ်တောရေးရာဝန်ကြီး ဦးသိန်းအောင်က မဲဆွယ်စည်းရုံးရာတွင် ၎င်းတို့တည်းခိုရန်အတွက် အိမ်ကြီး (၃) လုံး ဆောက်လုပ်နေကာ တန်ဖိုးအားဖြင့် ကျပ်ငွေသိန်းပေါင်း ၄,၂၀၀ ခန့်ရှိပြီး မြို့နယ်တွင်းရှိ ဆရာ၊ ဆရာမ ၁,၅၀၀ ကို တဦးလျှင် ငွေ ၅,၀၀၀ ကျပ်စီပေးပြီး ရွေးကောက်ပွဲတွင် ၎င်းအား မဲထည့်ပေးရန် စည်းရုံးခဲ့သည်ဟု ဒေသခံတဦးကပြောသည်။ **(DVB 050810)** [Read More...]
- ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **(USDP)** က မန္တလေးတိုင်း မလှိုင်မြို့နယ်ရှိ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများတွင် ဆန်များဝေငှမည်ဟုဆိုသော်လည်း ဒေသခံရပ်ကွက်အေးချမ်းသာယာရေးအဖွဲ့ (ရယက) များက ၎င်းတို့အားထောက်ခံသူများကိုသာ အဓိကထားပြီး ဆန်ဝေနေကြောင်း ရယက ရုံးစာရေးတစ်ဦးက ပြောသည်။ **(Irrawaddy 060810)** [Read More...]
- ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **(USDP)** သည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များနှင့် စွမ်းအားရှင်အဖွဲ့ဝင်များကို **USDP** ပါတီသို့ အသွင်ကူးပြောင်းရန် လက်မှတ်ရေးထိုးခိုင်းနေကြောင်း ရန်ကုန်တိုင်း ဗဟိုအမျိုးသမီးရေးရာအဖွဲ့ဝင် တစ်ဦးကပြောသည်။ **(Irrawaddy 060810)** [Read More...]
- ရန်ကုန်တိုင်းရှိ ခရိုင်၊ မြို့နယ် ဥပဒေရုံးများအနေဖြင့် ၂၀၁၀ ရွေးကောက်ပွဲဝင်မည့် နိုင်ငံရေးပါတီများမှ ထုတ်ဝေသည့် စာစောင်များကို စိစစ်ရေးလုပ်ရန် ဇူလိုင်လ (၂၇) ရက်နေ့တွင် ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်က ရှေ့နေချုပ်ရုံးခွဲ (ရန်ကုန်) ရှိ ညွှန်ကြားရေးမှူးများမှတဆင့် ညွှန်ကြားခဲ့ကြောင်း မြို့နယ်ဥပဒေ အရာရှိတစ်ဦးက ပြောကြားသည်။ **(NEJ 060810)** [Read more...]

[အတိုက်အခံအဖွဲ့အစည်းများ]

(က) ပြည်တွင်းအင်အားစုများ

- ဩဂုတ်လ ၂ ရက်နေ့တွင် အနယ်နယ်အရပ်ရပ်မှ လူငယ်များဖြင့် ဖွဲ့စည်းလိုက်သည့် ဗမာနိုင်ငံလုံးဆိုင်ရာ လူငယ်များသမဂ္ဂ (ဗလသ) က "စစ်ကျွန်ဘဝမှလွတ်မြောက်ရေးနှင့် ဒီမိုကရေစီနိုင်ငံထူထောင်ရေးအတွက် စစ်အာဏာရှင်စနစ်ဆက်လက်ကြီးစိုးရန် ပြင်ဆင်နေသည့် ၂၀၁၀ ရွေးကောက်ပွဲကို မဲဆန္ဒရှင် ပြည်သူများအနေဖြင့် တညီတညွတ်တည်း သပိတ်မှောက်ကြရန်" တိုက်တွန်းလိုက်သည်။ **(DVB 020710)** [Read More...]
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ဒု-ဥက္ကဋ္ဌ ဦးတင်ဦးနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဝင်းတင်တို့ ဦးဆောင်သောအဖွဲ့သည် တိုင်းရင်းသားနိုင်ငံရေးအကျဉ်းသားများဖြစ်ကြသော ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ **CRPP** အဖွဲ့ဝင် ဦးခွန်ထွန်းဦး၊ ဦးကျော်မင်းတို့ မိသားစုအပြင် **SNLD** အတွင်းရေးမှူး ဦးစိုင်းညွန့်လွင်၊ စိုင်းလှအောင်၊ ဗိုလ်ချုပ်ဆေထင်မိသားစု၊ ရခိုင်လူငယ် ကိုတင်ထွန်းအောင်တို့၏မိသားစုအပါအဝင် စုစုပေါင်း ၁၂ ဦးတို့၏ မိသားစုဝင်များကို ဩဂုတ်လ (၃) ရက်နေ့က သွားရောက်အားပေးစကားပြောခဲ့သည်။ **(DVB 030810)** [Read More...], [RFA...]
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဦးအုန်းကြိုင်နှင့်အဖွဲ့သည် ပါတီရပ်တည်ရေး၊ ပါတီဝင်စုဆောင်းရေးနှင့်ပတ်သက်၍ ရခိုင်ပြည်ခရီးစဉ်တွင် သံတွဲမြို့ရှိ အဖွဲ့ဝင် ၂၀ ကျော်နှင့် တွေ့ဆုံရာ၌ ပါတီမရှိတော့သော်လည်း လူထုအကျိုးပြုလူမှုရေးလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်သွားရန် ရှင်းလင်းပြောကြားခဲ့သည်ဟု ဒေသခံအဖွဲ့ဝင်တဦးက ပြောသည်။ **(DVB 040810)** [Read More...]

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ၏ ပြောရေးဆိုခွင့်ရှိသူ ရှေ့နေကြီး ဦးဉာဏ်ဝင်းနှင့် ပဲခူးတိုင်း **NLD** ပါတီ ဥက္ကဋ္ဌ ဦးညွန့်ဝေတို့ပါဝင်သည့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များသည် ပဲခူးတိုင်းအနောက်ခြမ်း လက်ပံတန်းမြို့တွင် မြို့နယ် (၈) မြို့နယ်မှပါတီဝင်များနှင့် ဩဂုတ်လ (၅) ရက်နေ့၌ တွေ့ဆုံခဲ့ရာ ၎င်းတို့အနေဖြင့် နိုင်ငံရေးနှင့်လူမှုရေးလုပ်ငန်းများကို ဆက်လက်လုပ်ကိုင်သွားမည်ဖြစ်ကြောင်း၊ အဖွဲ့ချုပ်ဗဟိုအနေဖြင့်လည်း အောက်ခြေပါတီဝင်ထုနှင့် ယခင်အတိုင်းထိတွေ့ဆက်ဆံသွားမည်ဖြစ်ကြောင်းကို ဆွေးနွေးခဲ့ကြသည်ဟု ဦးဉာဏ်ဝင်းကပြောသည်။ **(Irrawaddy 050810)** [Read More...]
- ဒီမိုကရေစီအရေးတောင်းဆိုခဲ့သည့် ၈ လေးလုံး လူထုအုံကြွမှုအထိမ်းအမှတ်အနေဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** လူငယ်များက ဒေါ်အောင်ဆန်းစုကြည် လေ့ကျင့်ပေးထားခဲ့သည့်အတိုင်း လူငယ်စာဖတ်ဝိုင်းများကို ရန်ကုန်တိုင်းသန်လျင်မြို့နယ်ရှိ အဖွဲ့ချုပ်ဝင်တစ်ဦး၏ နေအိမ်တွင် ပြုလုပ်မည့်အပြင် အခြား ၅ နေရာတွင်လည်း ပြုလုပ်သွားမည်ဟု အဖွဲ့ချုပ် ဒု–ဥက္ကဋ္ဌ ဦးတင်ဦးက ပြောသည်။ **(DVB 050810)** [Read More...]
- မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစု၊ ၈၈မျိုးဆက် ကျောင်းသားများအဖွဲ့နှင့် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်တို့က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **(USDP)** ကို ”အကြမ်းဖက်” ဟု ခေါ်ဝေါ်လိုက်ကာ ဒီမိုကရေစီလိုလားသူတိုင်း ၂၀၁၀ ရွေးကောက်ပွဲကို သပိတ်မှောက်ကြရန်နှင့် စစ်အစိုးရသည် “အကြမ်းဖက်ဝါဒီ **USDP** ကို အပြတ်အသတ် မဲအနိုင်ရရှိစေရန် ပြောင်ပြောင်တင်းတင်း ဘက်လိုက်ကာကွယ်ပံ့ပိုးပေးနေသည်” ဟု ထုတ်ပြန်ကြေညာလိုက်သည်။ **(Mizzima 060810)** [Read More...]
- ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ **CRPP** က စစ်အစိုးရကျင်းပမည့် ရွေးကောက်ပွဲနှင့်နိုင်ငံရေးအခြေအနေများကို ပြည်သူလူထုအား ပညာပေးရန်အတွက် ဩဂုတ်လ ၆ ရက်နေ့က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ဒု–ဥက္ကဋ္ဌ ဦးတင်ဦးနေအိမ်တွင် တိုင်ပင်ဆွေးနွေးခဲ့ကြသည်။ **(DVB 060810)** [Read More...]

## (ခ) တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများ

- ကရင်ပြည်နယ်၊ ဖားအံခရိုင်၊ ပိုင်ကျုံနယ် ပူးလူးစခန်းအခြေစိုက် နအဖ စစ်ကွပ်ကဲရေးဌာနချုပ် စကခ (၁၉) လက်အောက်ခံ ခလရ (၆၂) တပ်ရင်းကို ကရင်အမျိုးသားအစည်းအရုံး **(KNU)** လက်အောက်ခံ **KNLA** တပ်က ဩဂုတ်လ ၃ ရက်နေ့တွင် ခြုံခိုတိုက်ခိုက်ခဲ့ရာ နအဖဘက်က ၈ ဦးသေဆုံးပြီး ၁၄ ဦး ဒဏ်ရာရရှိခဲ့သည်ဟု **KNU** ဖားအံ ခရိုင် ဥက္ကဋ္ဌ ပဒိုစောအောင်မော်အေးကပြောသည်။ **(KIC 030810)** [Read More...]
- ကရင်ပြည်နယ် ကော့ကရိတ်မှ မြဝတီသို့အသွား ဒေါနတောင်တန်း အခြေစိုက် စစ်ဆေးရေးဂိတ်တခုအနီးမှ စစ်ဆင်ရေး အထူးအဖွဲ့မှူး ဒုဗိုလ်ချုပ်ကြီး ခင်ဇော် လိုက်ပါလာသော ယာဉ်တန်းကို ကရင်အမျိုးသားအစည်းအရုံး **(KNU)** က ချောင်းမြောင်းတိုက်ခိုက်ခဲ့သဖြင့် အနည်းဆုံး နအဖစစ်သည်တစ်ဦး သေဆုံးသွားသည်ဟု **DKBA** အရာရှိတစ်ဦးက ပြောသည်။ **(Mizzima 060810)** [Read More...]

## (ဂ) ပြည်ပအင်အားစုများ

- မြန်မာပြည်အရေးအတွက် စစ်အစိုးရအပေါ် နိုင်ငံတကာမှ ထိထိရောက်ရောက် ဖိအားပေးအရေးယူရေးကို ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းမှ ဦးဆောင်ပေးရန် **Burma Campaign UK** အဖွဲ့က တောင်းဆိုစာပေါင်း ၁,၆၀၀ ကျော်နှင့်အတူ မေတ္တာရပ်ခံတောင်းဆိုလိုက်သည်ဟု **Burma Campaign UK** မှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် နော်မေရီလှက ပြောသည်။ **(DVB 040810)** [Read More...]
- စစ်အာဏာရှင်စနစ်တိုက်ဖျက်ရေး၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ဖျက်သိမ်းရေးနှင့် ၂၀၁၀ ရွေးကောက်ပွဲ ဆန့်ကျင်သပိတ်မှောက်ရေးတို့ကို တညီတညွတ်တည်းဆောင်ရွက်ကြရန် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ **DPNS** က ၁၉၈၈ ဒီမိုကရေစီအရေးတော်ပုံ ၂၂ နှစ်ပြည့် အထိမ်းအမှတ်အနေဖြင့် ထုတ်ပြန်လိုက်သည့်ကြေညာချက်တွင် ပြည်သူလူထုကို တိုက်တွန်းလိုက်သည်ဟု **DPNS** တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးငွေလင်းကပြောသည်။ **(RFA 050810)** [Read More...]

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- ဗြိတိန်နိုင်ငံရောက် မျိုးချစ်မြန်မာများနှင့် မြန်မာ့ဒီမိုကရေစီအရေးလှုပ်ရှားနေသူများက ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံ ၂၂ နှစ်ပြည့် အထိမ်းအမှတ်အဖြစ် မြန်မာစစ်အစိုးရ သံရုံးရှေ့တွင် ဩဂုတ်လ ၆ ရက်နေ့က စုပေါင်းဆန္ဒပြခဲ့ကြပြီး အရေးတော်ပုံအတွင်း ကျဆုံးခဲ့သည့် အာဇာနည် ရဟန်းရှင်လူ ကျောင်းသားပြည်သူများကို ဂုဏ်ပြုခဲ့ကြသည်ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **(NLD-LA)** ဥက္ကဋ္ဌ ဒေါက်တာဝင်းနိုင်ကပြောသည်။ **(RFA 070810)** [Read More...]
- မြန်မာနိုင်ငံရှေ့နေများကောင်စီ **BLC** မှ ဩဂုတ်လ (၇) ရက်နေ့တွင် ထုတ်ပြန်လိုက်သည့် ဥပဒေရေးရာ သုံးသပ်ချက်စာစောင်၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** ကို နိုင်ငံရေးပါတီအဖြစ် တည်ထောင်ခွင့်ပေးခဲ့သည့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏လုပ်ရပ်ကို နိုင်ငံတော်တရားရုံးချုပ်က တားမြစ်ပေးရန် နိုင်ငံရေးပါတီများအနေဖြင့် လျှောက်ထားသင့်ကြောင်း ဖော်ပြထားသည်။ **(RFA 070810)** [Read More...]

## အပစ်ရပ်အဖွဲ့အစည်းများ

## နယ်ခြားစောင့်တပ် အသွင်မပြောင်းရသေးသည့်အဖွဲ့များ

- နယ်ခြားစောင့်တပ်အသွင်ကူးပြောင်းရေးကို ငြင်းဆန်နေသဖြင့် နအဖ နှင့်ဆက်ဆံရေးတင်းမာနေသည့် တိုးတက်သောဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော် **DKBA** တပ်မဟာ (၅) တပ်မဟာမှူး ဗိုလ်မှူးကြီးနှုတ်ခမ်းမွေး၏ လက်အောက်တပ်ရင်းတစ်ခုမှ တပ်သားအချို့ ကရင်အမျိုးသားအစည်းအရုံး **KNU** တပ်မဟာ (၆) တပ်ရင်း (၁၈) ထံ ဩဂုတ်လ (၃) ရက်နေ့က လာရောက်ပူးပေါင်းခဲ့ကြောင်း **KNU** တပ်မဟာ (၆) မှ ဗိုလ်ကြီးစောထဲနေကပြောသည်။ **(DVB 040810)** [Read More...], **(IMNA 040810)** [Read More...]
- ဩဂုတ်လ (၃) ရက်နေ့က နယ်ခြားစောင့်တပ်အသွင်ပြောင်းရေးကို လက်ခံခဲ့သော တိုးတက်သောဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော် **(DKBA)** ၉၉၉ တပ်ရင်းသည် စစ်အစိုးရထံ လက်နက်များအပ်နှံလိုက်ကြောင်း **(DKBA)** တပ်ဖွဲ့ဝင်များနှင့်နီးစပ်သူ အမည်မဖော်လိုသော မြဝတီမြို့ခံတစ်ဦးကပြောသည်။ **(NMG 040810)** [Read More...]
- နယ်ခြားစောင့်တပ်အသွင်ကူးပြောင်းလိုသူ တိုးတက်သောဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော် **(DKBA)** နှင့် ဟောင်သရော ကရင်ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်များသည် ယခုသီတင်းပတ်မှစ၍ မြဝတီမြို့ စရဖ ရုံး၌ လာရောက် စာရင်းပေးသွင်းနေရကြောင်း အမည်မဖော်လိုသူ **DKBA** အရာရှိတစ်ဦးကပြောသည်။ **(Kaowao 050810)** [Read More...]
- ကရင်ပြည်နယ်အတွင်းရှိ အပစ်ရပ်ကရင်အဖွဲ့အစည်းများ၏ ဂိတ်နေရာများ၊ စခန်းနေရာများတွင် လွှင့်ထူထားသော ကရင်အမျိုးသားအလံများကို ဖြုတ်သိမ်းရန် နေပြည်တော်မှ တိုက်ရိုက်တာဝန်ပေးထားချက်အရ စစ်ကွပ်ကဲရေးဌာနချုပ် (၁၂) မှ ဗိုလ်မှူးကြီး ခင်မောင်ဌေးက ဩဂုတ်လ (၅) ရက်နေ့တွင် အမိန့်ထုတ်လိုက်သည်ဟု တိုးတက်သောဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော် **DKBA** တပ်ဖွဲ့ဝင်တစ်ဦးကပြောသည်။ **(KIC 050810)** [Read More...]
- ဩဂုတ်လ (၄) ရက်နေ့ည (၇) နာရီခန့်တွင် တိုးတက်သောဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော် **DKBA** တပ်မဟာ ၉၉၉ မှ တပ်ဖွဲ့ဝင်များသည် လက်နက်ပစ္စည်းများနှင့်အတူ ကားဖြင့် **KNU** တပ်မဟာ (၆) သို့သွားရာ တပ်မဟာ (၆) နှင့် တပ်မဟာ (၇) စပ်ကြားရှိ ကော့ကရိတ်–မြဝတီကားလမ်း၏ အောက်ဘိုတဲဂိတ်မှ နအဖစစ်တပ် များက သွားခွင့်မပြုခဲ့သဖြင့် အချင်းများကြရာမှ တိုက်ပွဲဖြစ်ပွားခဲ့ကြောင်း **DKBA** တပ်မဟာ (၅) မှ ထိပ်တန်းအရာရှိတစ်ဦးကပြောသည်။ **(KIC 050810)** [Read More...]
- နအဖ၏ ပြည်သူ့စစ်ဖွဲ့စည်းရေးကို လက်ခံထားသည့် အပစ်ရပ်သျှမ်းပြည်တပ်မတော် **(SSA-N)** ဥက္ကဋ္ဌ ဦးလွယ်မောင်းအား အသွင်ပြောင်းရေးလက်မခံသော **SSA-N** တပ်မဟာ ၁ ဌာနချုပ်ကို ရက်သတ္တနှစ်ပတ်အတွင်းသွားရောက်စည်းရုံးသိမ်းသွင်းရန် ရမခ တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်က ဇူလိုင်လ ၂၇ ရက်နေ့၌ ညွှန်ကြားထားကြောင်း ၎င်းအဖွဲ့နှင့်နီးစပ်သူ တစ်ဦးကပြောသည်။ **(S.H.AN 050810)** [Read More...]

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- ကရင်ပြည်နယ် မြဝတီမြို့ နယ်စပ်ဒေသ တလျှောက်တွင် တိုးတက်သောဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော် **(DKBA)** မှ နေရာယူထားသည့် ကုန်သွယ်ရေးဂိတ်များတွင် လွှင့်ထူထားသော ကရင်အမျိုးသားအလံများကို ဖြုတ်ချပြီး မြန်မာနိုင်ငံတော်အလံကို လွှင့်ထူကာ စစ်အစိုးရတပ်သားများက ဩဂုတ်လ (၅) ရက်နေ့မှ စ၍ နေရာယူလိုက်ကြောင်း **DKBA** နှင့် နီးစပ်သူများက ပြောသည်။ **(Irrawaddy 060810)** Read More...

## နိုင်ငံရေးပါတီတည်ထောင်ခွင့်ရပြီးသောပါတီများ

- ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် ပြင်ဆင်နေသည့် အမျိုးသားဒီမိုကရေစီအင်အားစု **NDF** သည် ဩဂုတ်လ ၁ ရက်နေ့က ရန်ကုန်တိုင်း တာမွေမြို့နယ်ရှိ မေတ္တာညွန့်ရပ်ကွက်တွင် ပါတီဌာနချုပ်ရုံးဖွင့်လှစ်သည့် အခမ်းအနားတစ်ရပ် ပြုလုပ်ခဲ့ကြောင်း ပါတီခေါင်းဆောင်တစ်ဦးဖြစ်သူ ဦးခင်မောင်ဆွေကပြောသည်။ **(DVB 010810)** Read More..., RFA...
- တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ (တစည) ပါတီက လာမည့်ရွေးကောက်ပွဲတွင် အနိုင်ရရှိရေးအတွက် ပဲခူးတိုင်းအတွင်းတွင် စည်းရုံးရေးလုပ်ငန်းများ ပိုမိုဆောင်ရွက်လျက်ရှိသည်ဟု ပဲခူးမြို့ခံတစ်ဦးကပြောသည်။ **(NMG 020810)** Read More...
- ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်သည် ရှစ်လေးလုံး လူထုအုံကြွမှု ၂၂ နှစ်ပြည့် နှစ်ပတ်လည် အခမ်းအနားကို (၃) ကြိမ်မြောက် ကျင်းပမည်ဖြစ်ကြောင်း အဖွဲ့၏ ဥက္ကဋ္ဌ ဦးအေးလွင်က ပြောသည်။ **(DVB 020810)** Read More...
- အမျိုးသားဒီမိုကရေစီအင်အားစု **(NDF)** ပါတီ၏ ခေါင်းဆောင်တစ်ဦးဖြစ်သူ ဦးခင်မောင်ဆွေက အားလုံးပါဝင်နိုင်သော ၂၀၁၀ ရွေးကောက်ပွဲတရပ် ဖြစ်မြောက်စေရန် အုပ်ချုပ်သူစစ်အစိုးရအဆက်ဆက်က ပြဋ္ဌာန်းထားသော ကန့်သတ်အမိန့်ဥပဒေများကို ဥပဒေပညာရှင်များက ပြန်လည်သုံးသပ်ရန်လိုအပ်ကြောင်း ပြောကြားလိုက်သည်။ **(NEJ 030810)** Read more...
- စည်းလုံးညီညွတ်ရေးနှင့်ဒီမိုကရေစီပါတီ ကချင်ပြည်နယ် **(UDPKS)** အား ဩဂုတ် (၂) ရက်နေ့မှစ၍ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာခဲ့သည်။ **(NEJ 030810)** Read More...
- ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီ ဥက္ကဋ္ဌ ဒေါက်တာအေးမောင်က "ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** သည် ငွေကြေးတောင့်တင်းမှု၊ အာဏာသုံးနိုင်မှု၊ စောစီးစွာမဲဆွယ်စည်းရုံး နိုင်မှုများရှိနေသော်လည်း တိုင်းရင်းသားများနေထိုင်သည့် ပြည်နယ်ဒေသများမှ တိုင်းရင်းသားများသည် အမျိုးသားရေးကိုအခြေခံ၍ ရွေးချယ်မဲထည့်ကြမည်ဖြစ်သဖြင့် တိုင်းရင်းသားပါတီများသာ မဲအပြတ်အသတ် အနိုင်ရရှိမည်" ဟု ပြောကြားလိုက်သည်။ **(RFA 040810)** Read More...
- စစ်အစိုးရမှ ကျင်းပပြုလုပ်မည့် ၂၀၁၀ ရွေးကောက်ပွဲသည် လွတ်လပ်တရားမျှတခြင်း ရှိမည်မဟုတ်သောကြောင့် ပြည်ထောင်စုဒီမိုကရေစီပါတီ **(UDP)** ဥက္ကဋ္ဌ ဦးဖြိုးမင်းသိန်းက ပါတီမှ ဩဂုတ်လ (၅) ရက်နေ့တွင် နုတ်ထွက်လိုက်သည်။ **(Mizzima 050810)** Read More..., NEJ..., Irrawaddy...
- လူမျိုးပေါင်းစုံ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ **NUDP** (ကယားပြည်နယ်)ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဩဂုတ်လ (၅) ရက်နေ့တွင် နိုင်ငံရေးပါတီတည်ထောင်ခွင့်ပြုလိုက်သည်။ **(Kantarawaddy Time 060810)** Read More...
- ချင်းအမျိုးသားပါတီ **(CNP)** က "နအဖ စစ်အစိုးရကျင်းပမည့် ၂၀၁၀ ရွေးကောက်ပွဲသည် ချင်းလူမျိုးများကို ကယ်တင်၊ စောင့်ရှောက်နိုင်မည့် ရွေးကောက်ပွဲဖြစ်သဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခြင်းကို လက်လွှတ်ဆုံးရှုံးမခံသင့်ကြောင်း" ပြောဆိုလိုက်သည်။ **(Khonumthung 060810)** Read More...
- ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်က မကွေးမြို့နယ် ညောင်ကန်ကျေးရွာအုပ်စု ရွာသစ်ကြီး ကျေးရွာရှိ အဖွဲ့ဝင်တဦး၏ နေအိမ်၌ ဆွေးနွေးဟောပြောပွဲလုပ်ရန် တိုင်းကော်မရှင်က ခွင့်ပြုခဲ့သော်လည်း ရယကမှ တားမြစ်ခဲ့ပြီး ဆက်လက်လုပ်ဆောင်လျှင် နိုင်ငံရေးအမှုနှင့်မဟုတ်ဘဲ အခြားပုဒ်မများနှင့် အရေးယူမည်ဆိုသောကြောင့် ဟောပြောပွဲပျက်ပြားခဲ့သည်ဟု အဖွဲ့ ဥက္ကဋ္ဌ ဦးအေးလွင်က ပြောသည်။ **(BBC 060810)** Read More...

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ (ရတပ) သည် ကျောက်တော်မြို့နယ် ရုံးခွဲဖွင့်ပွဲအခမ်းအနားကို ဩဂုတ်လ (၆) ရက်နေ့တွင် ကျင်းပခဲ့ရာ လူပေါင်း ၃၀၀ ကျော်တက်ရောက်ခဲ့ပြီး ပါတီရံပုံငွေ ကျပ် ၉ သိန်း ရရှိခဲ့သည်ဟု ပါတီ ဥက္ကဌ ဦးအေးမောင်ကပြောသည်။ **(Narinjara 060810)** **[Read More...]**
- စည်းလုံးညီညွတ်ရေးနှင့်ဒီမိုကရေစီပါတီ ကချင်ပြည်နယ် **(UDPKS)** သည် ပြည်နယ်လွှတ်တော်နေရာတွင်သာ အဓိက ကိုယ်စားပြု ယှဉ်ပြိုင်မည်ဖြစ်ပြီး မြို့နယ် ၁၈ ခုတွင် စည်းရုံးရေးလုပ်ငန်းများကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်းနှင့် ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီအဖွဲ့ဝင် သုံးပုံတပုံသည် စီးပွားရေးနယ်ပယ်ထဲမှ ပုဂ္ဂိုလ်များဖြစ်ကြောင်း ပါတီ ဥက္ကဌ ဦးခက်ထိန်နန်က ပြောသည်။ **Myanmar Times** အတွဲအမှတ် (၂၄၊ အမှတ် ၄၇၈) **[Read More...]**

[နိုင်ငံရေးပါတီတည်ထောင်ခွင့်ရရှိရေးအတွက် လျှောက်ထားဆဲပါတီများ]

- ကချင်ပြည်နယ် တိုးတက်ရေးပါတီ **KSPP** က ဩဂုတ်လကုန်ပိုင်းတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ပါတီ မှတ်ပုံတင်ချပေးလာနိုင်သည်ဟု မျှော်လင့်ထားကြောင်း ပါတီအရာရှိတစ်ဦးကပြောသည်။ **(KNG 040810)** **[Read More...]**
- ကရင်နီပြည်အား ကိုယ်စားပြုရန် ဇူလိုင်လ ၂၀ ရက်နေ့တွင် ဖွဲ့စည်းတည်ထောင်လိုက်သည့် လူမျိုးပေါင်းစုံစည်းလုံး ညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီ **NUDP** (ကယားပြည်နယ်) ကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** က မလိုမလားဖြစ်နေကြောင်း ကရင်နီအပစ်ရပ်အဖွဲ့မှ အရာရှိဟောင်းတစ်ဦးကပြောသည်။ **(KT 050810)** **[Read More...]**

[ပြည်သူနှင့် လူထုအခြေပြုအဖွဲ့အစည်းများ]

- စစ်အစိုးရကျင်းပမည့် ရွေးကောက်ပွဲကို ဆန့်ကျင်သည့် နိုင်ငံရေးစာရွက်စာတမ်းများကပ်သည့် လှုပ်ရှားမှုအချို့ ပဲခူးမြို့ ဈေးကြီးနှင့်အဝေးပြေးကားဂိတ် အပါအဝင် လှည်းကူး၊ အင်းတကော် ကားလမ်းဆုံလူစည်ကားရာ နေရာများ တွင် ဩဂုတ်လ ၁ ရက်နေ့က ဖြစ်ပေါ်ခဲ့သည်ဟု ဒေသခံများကပြောသည်။ **(RFA 010810)** **[Read More...]**
- ၂၀၁၀ ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **(USDP)** သည် ပြည်သူ ထောက်ခံမှုရရှိရန်အတွက် လမ်းခင်းပေးမည်ဆိုသည့် မဲဆွယ်စည်းရုံးမှုကို ချင်းလူထုကလက်မခံကြကြောင်း ဟားခါး ဒေသခံတဦးကပြောသည်။ **(Khonumthung 020810)** **[Read More...]**
- ၂၀၁၀ ရွေးကောက်ပွဲတွင် အနိုင်ရရှိရေးအတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **(USDP)** အနေဖြင့် ချင်း ပြည်နယ်တွင် လွန်ခဲ့သည့် ၂ လခန့်ကတည်းက ကြိုတင်မဲဆွယ်စည်းရုံးရေးဆင်းခဲ့သော်လည်း ချင်းလူထုကလက်မခံ ကြောင်းနှင့် ချင်းပါတီကိုသာ မဲပေးမည်ဖြစ်ကြောင်း ချင်းတိုးတက်ရေးပါတီ **CPP** နှင့် ချင်းအမျိုးသားပါတီ **CNP** ခေါင်း ဆောင်များကပြောသည်။ **(Mizzima 050810)** **[Read More...]**
- ကရင်နီပြည်နယ်တွင် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို သင်ကြားပို့ချရန် ဒေသခံအာဏာပိုင်များမှ အဟန့်အတား ပြုလုပ်နေသဖြင့် ပြည်သူလူထုအနေဖြင့် နိုင်ငံသားတစ်ဦး၏ သိသင့်သိထိုက်သော နိုင်ငံရေးအသိပညာဗဟုသုတများ နှောင့်နှေးနေရသည်ဟု နိုင်ငံရေးလုပ်ရှားသူပညာရှင်တစ်ဦးကပြောသည်။ **(Kantarawaddy Time 070810)** **[Read More...]**

[အခြားအင်အားစုများ]

- ရွေးကောက်ပွဲ အောင်အောင်မြင်မြင် ကျင်းပနိုင်ရေးအတွက် စစ်အစိုးရအနေဖြင့် နိုင်ငံရေးအဖွဲ့အစည်းများ၊ တိုင်းရင်း သား ခေါင်းဆောင်များနှင့် သေသေချာချာ ညှိနှိုင်းတိုင်ပင်ဆွေးနွေးရန် လိုအပ်ကြောင်း ဝါရင့်နိုင်ငံရေးသမားတစ်ဦး ဖြစ်သူ အမျိုးသားရေး ဦးဝင်းနိုင်က ထုတ်ဖော်ပြောကြားလိုက်သည်။ **(RFA 070810)** **[Read More...]**

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



## နိုင်ငံတကာဆောင်ရွက်မှုများ

### (က) အစိုးရများ

- မြန်မာနိုင်ငံဆိုင်ရာ ဗြိတိသျှသံအမတ်ကြီး မစ္စတာ အင်ဒရူးဟိန်းနှင့် ၎င်း၏အတွင်းဝန် ရှယ်တို့သည် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် **NLD** ခေါင်းဆောင်များဖြစ်ကြသော ဒု–ဥက္ကဌ ဦးတင်ဦး၊ ဦးဝင်းတင်နှင့် ဦးဉာဏ်ဝင်းတို့နှင့် ဩဂုတ်လ ၄ ရက်နေ့က ဦးတင်ဦးနေအိမ်တွင် လာရောက်တွေ့ဆုံခဲ့ရာ ဗြိတိသျှအစိုးရအနေဖြင့် **NLD** ကို ဆက်လက် ထောက်ခံ သွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။ **(RFA 040810)** **Read More..., DVB...**

### (ခ) အစိုးရမဟုတ်သောအဖွဲ့အစည်းများ

- နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ **(Amnesty International)** က နယူးဇီလန်နိုင်ငံတဝှမ်းရှိ တက္ကသိုလ် ၁၀၀ နှင့် အထက်တန်းကျောင်းများတွင် မြန်မာပြည်သူများ လွတ်လပ်ခွင့်ရရှိရေး လှုပ်ရှားမှုအနေဖြင့် ဟောပြောဆွေးနွေးမှု များနှင့် ဂီတပွဲများ ပြုလုပ်သွားမည်ဟု **AI** အဖွဲ့မှ လှုပ်ရှားမှုဆိုင်ရာ မန်နေဂျာ မစ္စမာဂရက်တေလာက ပြောသည်။ **(BBC 020710)** **Read More...**

---

***End of report/ Saturday, August 07, 2010***

ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ မှတ်တမ်းတင်နှင့်သုတေသနဌာနမှ ထုတ်ဝေဖြန့်ချိသည်။

***Documentation and Research Department (NDD)***

---